## မိန်းမကြောက်တဲ့အရာ

ကားမောင်းကြမ်းသော မိန်းမကို မည်သို့သတိပေးရပါမည်နည်းဟု ကိုကိုမောင် အကြိမ်ကြိမ် စဉ်းစားသည်။ နောက်ဆုံးတွင် နည်းလမ်းတစ်ခုကို တွေ့သည်။ မိန်းမကို ကိုကိုမောင် ဤသို့သတိပေးသည်။

"ကားမောင်းရင် ကြည့်မောင်းနော်၊ မတော်တဆ ကားတိုက်မှုဖြစ်ရင် နာရေးကြော်ငြာမှာ မင်းရဲ့အသက် ဘယ်လောက်ရှိပြီလဲ ဆိုတာ ပါလာမယ်နော်"





## ကားနဲ့ကျွဲ ကွာခြားချက်

လယ်သမားကြီးတစ်ယောက်သည် ကားဝယ်ရန်အတွက် ငွေအမြောက်အမြား စုခဲ့၏။

ငွေတွေပြည့်သောအခါမှ ကားမဝယ်တော့ဘဲ ကျွဲတစ်ကောင် ဝယ်လိုက်သည်။

"ဘယ်နှယ်လဲ ဦးကြီးရဲ့၊ ကားလိုချင်လှချည်ရဲ့ တဖွဖွပြောပြီး၊ ခုကျမှ ဘာလို့ကျွဲဝယ်ရတာလဲ၊ မြို့ဈေးကို ကျွဲစီးသွားမှ ပိုဂုဏ်ရှိမယ် ထင်လို့လား"

"ကားက ငါ့ဆီက ဓာတ်ဆီသောက်မှာကွ၊ ကျွဲကတော့ ငါ့ကိုတောင် ကျွဲနို့ပြန်တိုက်ဦးမှာ"